# ဝိညာဥ်ဆုကျေးဇူးကိုအဓိကထားလှုပ်ရှားသော Charismatic အဖွဲ့တွင် ကျွန်တော်မပါဝင်လိုသော အချက် (၁၀)ချက်

## 10 Reasons why I cannot participate in the morden Charismatic movement

**By George W.Zeuer**

**၁။ Charimaticတို့သည်ယုံကြည်သူတိုင်းသန့်ရှင်းသောဝိညာဉ်တော်ကိုမရရှိကြပါဟု သွန်သင်ကြပါသည်။ထို့ကြောင့်သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိပြီးလားဟု မကြာခဏမေးတတ်ကြပါသည်။**

တမန်တော်ရှင်ပေါလုသည် ရောမအသင်းတော်သို့ ခရစ်တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကား "ခရစ်တော်နှင့်မဆိုင်" (ရောမ ၈ း ၉) ဟုရေးသားထားပါသည်။သန့်ရှင်း သောဝိညာဉ်တော်ကိုမရသောသူသည် ခရစ်တော်၌ မရှိပါ။ဘုရားသခင်၏သားတော်ကိုရရှိထားသောသူသည် သန့်ရှင်းသော ဝိညာဉ်တော်ကိုပါရရှိပြီးဖြစ်ပါသည်။**အရေးကြီးသော မေးခွန်းမှာ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိသည့်လားဆိုသည်ထက် သခင်ခရစ်တော်ကိုရရှိပြီးလား ဆိုသည်ပင် ဖြစ်ပါသည်။**(ယော ၁ း၁၂၊ ၁ယော ၅ း ၁၁-၁၂)

သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးကို ကယ်တင်ခြင်းရရှိသောယုံကြည်သူတိုင်းရရှိနေပါသည်။ရောမ ၅ း၅ ယင်းအတွက်ကြောင့်ဘုရားသခင်၏ဝိညာဉ်တော်သည် ခရစ်ယာန်တိုင်းတွင် ကိန်းအောင်းနေပါသည်။. . . . **"သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကိန်းဝပ်၍သန့်ရှင်းသော ဝိညာဉန်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုမသိကြသလော" ၁ ကော ၆ း ၁၉**

**ကျွန်တော်ထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ကိန်းအောင်နေကြောင်းမည်သို့သိနိုင်ပါမည်နည်း။**

**Charimatic တို့၏အဖြေ ➡** ကျွန်တော်မှာယင်းအတွေ့အကြုံရှိလို့သိပါတယ်။ကျွန်တော်ဗတ္တိဇံလည်းယူထားပြီး အခြားသော ဘာသာစကားလည်းပြောနိုင်တယ်။

**ယုံကြည်သူ၏ အဖြေ ➡** သန့်ရှင်းသောဝိညာဉ်တော်ကိန်းအောင်းကြောင်း ဘုရားသခင်၏ ဂတိတော်ကြောင့်သိရှိပါသည်။ သမ္မာကျမ်းစာက "ငါတို့၌ကိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်. . . . " ၂ တိ ၁ း၁၄ ဘုရားသခင်၏ မိန့်မှာချက်ဖြစ်ပါ၍ ကျွန်တော်ယုံကြည်ပါသည်။

**၂။ Charimatic တို့သည်အခြားသောဘာသာစကားပြောခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်း၏ သက်သေဖြစ်သည်ဟု သွန်သင်ကြပါသည်။ တနည်းပြောရလျှင် "သန့်ရှင်းသောဝိညာဉ်တော်ရရှိပြီးလားဟု မေးသော်လည်း အမှန်မေးလိုသည်မှာ သင်အခြားသောဘာသာစကားပြောပြီးပြီလားဟူ၍ ဖြစ်ပါသည်။**

ဘုရားသခင်၏နှုတ်ကပတ်တော်က ခရစ်တော်ကိုယုံကြည်သည်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခပ်ခြင်းကို ခံရသည်ဟု ဖော်ပြထားပါသည်။(ဧဖက် ၁ း ၁၃-၁၄) ကျွဲနွားသိုးများကို သက်ဆိုင်သူပိုင်ရှင်များ၏ တံဆိပ်ခပ်၍ ပိုင်ဆိုင်ခြင်းကိုဖော်ပြကြသကဲ့သို့ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုပေးအပ်ပြီးသည်နှင့်တံဆိပ်ခပ်ပြီး သခင်ခရစ်တော်ပိုင်ဖြစ်ကြောင်းသတ်မှတ်ပါသည်။(ရောမ ၈ း ၉၊ ၁ ကော ၆ း ၁၉-၂၀)အမှန်တကယ် သန့်ရှင်းသော ဝိညာဉ်တော် ရရှိပါလျှင် - အမှန်တကယ်ဘုရားသခင်၏သားတော်ဖြစ်ခဲ့ပါလျှင် မည်သည့်ပြင်ပသင်္ကေတဖြင့် သက်သေ ပြရမည်နည်း။ "သို့သော်လည်း သခင်ဘုရားသည် မိမိလူတို့ကို သိကျွမ်းတော်မူ၏ဟူ၍ဤတံဆိပ်ခပ်လျက်ရှိသော ဘုရားသခင်၏ တိုက်မြစ်သည် ခိုင်ခံ့၍တည်၏" ၂ တိမော ၂ း ၁၉ များစွာသော လူတို့သည်ခရစ်တော်၏နာမကိုသုံးပြု၍ ခရစ်ယာန်ဟု ဆိုကြသည်။များစွာတို့သည် သခင်ခရစ်တော်ကိုဝန်ခံကြသည်။သို့သောအနည်းငယ်သောသူတို့သာလျှင် ခရစ်တော်နှင့်

ဆိုင်ကြ၏။အမှန်သက်သေတရပ်မှာထိုသူသည် မတရားမှုများမှကင်းလွတ်ပါ၏လားဆိုသည်ပင်ဖြစ်ပါသည်။

သင်သည် အမှန်တကယ်သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခဲ့ပါက သင်သည်သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်သည်မရှင်သည်သာလျှင်သက်သေဖြစ်ပါသည်။"ဘုရားသခင်သည် ညစ်ညူးစေခြင်းငှာ ငါတို့ကို ခေါ်တော်မူသည် မဟုတ်၊ သန့်ရှင်းစေခြင်းငှာခေါ်တော်မူ၏။ . . . သန့်ရှင်းသောဝိညာဉ်တော်ကို ငါတို့အားပေးတော်မူသော ဘုရားသခင်. . (၁ သက်သာ ၄ း ၇-၈)အဆုံးအဖြတ်ပေးမည်မေးခွန်းတစ်ခုသာရှိသည်။ယင်းမှာ - ငါသည်အခြားသော ဘာသာစကားကို ပြောတတ်သည် ဆိုခြင်းမဟုတ်ဘဲ ငါသည်အပြောင်းအလဲမရှိဘဲ ကိုယ်တော်၏ သန့်ရှင်းသော အသက်တာတွင် လျှောက်လှမ်းနေသည်လားဆိုခြင်းပင်ဖြစ်ပါသည်။

**၃။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်း၏သက်သေသည် အခြားသောဘာသာစကားပြောခြင်းပင်ဖြစ်ပါသည်ဟု Charismatic များက သွန်သင်ကြသည်။**

ဧဖက် ၅ း ၁၈ တွင် ဝိညာဉ်တော်ပြည့်ဝခြင်းနှင့် ပတ်သက်၍ အမိန့်တော် ပါရှိပါသည်။ဤသည်ပင် သက်သေဖြစ်ပါသည်။တဖန်ရှင်ပေါလုသည် အောက်ပါအတိုင်း ဆက်လက်ရေးသားထားပါသည်။ "ကျွန်တော်တကယ် ဝိညာဉ်တော်နှင့် ပြည့်ဝပါက ကျွန်တော်၏နှလုံးသားတွင် သီချင်းတပုဒ်ရှိပါသည်။" ဧဖက် ၅ း ၁၉ သန့်ရှင်းသော ဝိညာဉ်တော်သည် အလွန်တော်သောသီချင်းစပ်ဆရာဖြစ်ပြီး နာပျော်ဘွယ်ရာသီချင်းကိုစပ်ပေးပါသည်။ကျွန်တော် ဝိညာဉ်တော်နှင့် ပြည့်ဝပါက ကျေးဇူးတော်ချီးမွမ်းတတ်လာပါမည်။ဧဖက် ၅ း ၂၀။ ကျေးဇူးတော် မတင်တတ်ခြင်း သည် ဝိညာဉ်တော်နှင့် မပြည့်ဝခြင်းပင်ဖြစ်သည်။နောက်ဆုံးအနေဖြင့်သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသောသူသည် မိမိအိမ်တွင်လည်း ဘုရားသခင်ကို ဝန်ခံလျှက် အသက်ရှင် ရပါမည်။ဧဖက် ၅ း ၂၁ တကယ်ဝိညာဉ်တော်နှင့် ပြည့်ဝသောသူသည် လူတိုင်းအလွန်သဘောကောင်းတတ်သော တနင်္ဂနွေ နေ့နံနက် ဝတ်ပြုချိန်တွင်သဘောကောင်းသကဲ့သို့မဟုတ်ဘဲ မိမိ မိသားစုတွင်တွေ့ကြုံရသော အခက်အခဲများ ဖိအားများ ခံစားရချိန်တွင် မည်သို့သက်ရှင်သည်က ဆုံးဖြတ် ပါလိမ့်မည်။ အရေးတကြီးမေးခွန်းမှာ သူသည် အခြားဘာသာစကား ပြောတတ်သလား မဟုတ်ဘဲ သူသည် ချစ်ခင် ကြင်နာတတ်သူ ဖြစ်သလား။ဧဖက် ၅ း ၂၅ သူမသည် အိမ်တွင် ဝန်ခံတတ်သူလား - ဧဖက် ၅ း ၂၂ သားသမီးများ နာခံလိုက်နာရှိသေစွာ နေတတ်လား - ဧဖက် ၆ း ၁-၂ ဘုရားသခင်၏ ဝိညာဉ်တော်သည် အခြားဘာသာစကားအမျိုးမျိုး ပြောခြင်းထက်သာ၍ ကြီးမားသော အရာများကိုသင့်ဘဝတွင် ပေးအပ်နိုင်ပါသည်။ ဂလာတိ ၅ း ၂၂-၂၃

**၄။ Charismatic များသွန်သင်သည်မှာ ဝိညာဉ်တော်ဗတ္တိဇံသည် ကယ်တင်ခြင်းကို သာ၍တည်မြဲရင့်ကျက်စေပြီး ယင်းပျော်ရွှင်ခံစားမှုကိုယုံကြည်သူတိုင်းမရနိုင်ဟူ၍ ဖြစ်ပါသည်။သင်ဗတ္တိဇံရပြီးပြီလားဟု မကြာခဏမေးတတ်ကြပါသည်။**

ဘုရာသခင်၏သမ္မာတရားသွန်သင်သည်မှာ ကျွန်တော်သည်ခရစ်တော်၏ကိုယ်ခန္ဓာထဲမှ အစိတ်အပိုင်းတရပ်အဖြစ် သတ်မှတ်ခံရပြီးကယ်တင်ခြင်းရရှိသည်နှင့် ဘုရားသခင်၏အဖွဲ့ဖွယ်လုပ်ဆောင်ချက်ဖြစ်သော ဝိညာဉ်တော်ဗတ္တိဇံသည် ကျွန်တော်ကိုပြည့်ဝစေပါသည်။"ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကိုခံကြ၏။ . . . . တစ်စိတ်တဝိညာဉ်တည်းထဲသို့လည်း သောက်ကြ၏။" ၁ ကော ၁၂ း ၁၃။ ဂလာတိ ၃ း ၂၅-၂၆ Charismatic တို့သည် ဝိညာဉ်တော် ဗတ္တိဇံဟု တိကျစွာဆိုကြပြီး ပင်တေကုတ္တေပွဲနေ့အတွေ့အကြုံဖြစ်သော အခြားဘာသာစကား အမျိုးမျိုးကို ပြောဆိုကြပါသည်။ယုံကြည်သူတိုင်းအားလုံးဤကဲ့သို့ ပြောဆိုရန်ကြိုးစား လုပ်ဆောင် ရမည်ဟု ထပ်ဆင့် သွန်သင်ကြပါသည်။သူတို့မှ **အားလုံး** ဟုပြောသည့်အခါ **ဘုရားသခင်မှ အားလုံးမဟုတ်ဘူး**ဟု မိန့်တော်မူပါသည်။ ၁ ကော ၁၂ း ၂၉-၃၀။ သူတို့က**အားလုံးမဟုတ်ဘူး** ဟုပြောသည့်အခါ **ဘုရားသခင်မှ အားလုံး**ဟု မိန့်တော်မူပါသည်။ ၁ကော ၁၂ း ၁၃

၅။ အချို့ Charismatic များသည်သန့်ရှင်းသောဝိညာဉ်တော်ကိုမျှော်လင့်စောင့်စားရမည်ဟုယုံကြည်ကြပါသည်။ မျှော်လင့်စောင့်စားခြင်းဆိုသည်မှာ ဝိညာဉ်တော် ဗတ္တိဇံခံယူပြီးအခြားသောဘာသာစကားအမျိုးမျိုးပြောရန်စောင့်ရသည်ဟု ဆိုလိုပါသည်။ရှည်လျှားသောဆုတောင်းခြင်း၊ ခေါင်းပေါ်လက်တင်ဆုတောင်းခြင်းများလုပ်မှသာရရှိသည်ဟု ယုံကြည်ကြပါသည်။စောင့်မျှော်ခြင်းဆိုသည်မှာတမန်တော်တို့ကို ပင်တေကုတ္တေပွဲနေ့တွင် ကြွလာမည့်သန့်ရှင်းသော ဝိညာဉ်တော်ကို စောင့်မျှော်ခိုင်းခြင်းဖြစ်ပါသည်။လုကာ ၂၄ း ၄၉။ တမန် ၁ း ၄ ။ သန့်ရှင်းသော ဝိညာဉ်တော်မပါဘဲ လောကသားများကို ဧဝံဂေလိတရားဟောခြင်းသည် စက်သုံးဆီမပါသောကားကို မောင်းသကဲ့သို့ မည်သို့မျှထူးခြားမည် မဟုတ်ပါ။ကျွန်ုပ်တော်သည် လေယာဉ်ဖြင့် လာမည့်သူတယောက်ကို လေဆိပ်တွင် နာရီအတော်ကြာစောင့်ခဲ့ပါသည်။သူရောက်လာပါပြီး၊ ကျွန်တော် ရှေ့ဆက် စောင့်မျှော်စရာ မလိုတော့ပါ။စောင့်မျှော်ခဲ့ရသောကာလသည် ပြီးဆုံးခဲ့ပါပြီ။ သူကျွန်တော်နှင့်အတူ ရှိနေသည် အတွက် ပျော်ရွှင်ဝမ်းမြောက်ပါသည်။နှစ်သိပ်မှုပေးသောအရှင်ကြွလာပြီးပါပြီ - ဘုရားသခင်ကို ဂုဏ်တော်ချီးမွမ်းပါစို့-!

**၆။ Charismatic လှုပ်ရှားမှုများတွင် သန့်ရှင်းသော ဝိညာဉ်တော်ကိုအလွန်အလေးပေးချီးမြှောက်ကြပြီး မကြာခဏ ခရစ်တော်ကို ဥပေက္ခာပြုထားလေ့ရှိပါသည်။**

တချို့ Charismatic အုပ်စုများနှင့် စုပေါင်းဝတ်ပြုခြင်းများတွင်သန့်ရှင်းသော ဝိညာဉ်တော်သည် သခင် ခရစ်တော် ထက်ပိုမိုပြောဆိုပါသည်။သခင်ယေရှုက "...ဥပဒေ္ဒသ္ဆရာရောက်လာသောအခါ ငါ၏အကြောင်းကို သက်သေ ခံလိမ့်မည်။...ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက်ဟောပြောမည်မဟုတ်။ထိုသူသည် ငါ့ဘုန်းကို ထင်ရှား စေလိမ့်မည်။အကြောင်းမူကား ငါနှင့်သက်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်။" ယော ၁၅ း ၂၆ ယော ၁၆ း ၁၃ - ၁၄။

ဝိညာဉ်တော်သည် သခင်ခရစ်တော်ကိုသက်သေခံပါမည်။ဝိညာဉ်တော်သည်။ လူသားများအား သခင်ခရစ်တော် ကိုသာညွှန်ပြပါမည်။သန့်ရှင်းသောဝိညာဉ်တော်၏ ကြီးမားဂုဏ်ရှိသောအမှုတော်လုပ်ငန်းမှာ သခင်ခရစ်တော်ကို ချီးမွမ်းရန်နှင့် မြင့်တင်ရန်သာဖြစ်သည်။ဝိညာဉ်တော်သည် ကျွန်တော်၏အသက်တာတွင်အမှန်တကယ် အလုပ်လုပ်နေပါက သခင်ခရစ်တော်သည် နေ့စဉ်နှင့်အမျှကျွန်တော်အတွက် ပို၍ ပို၍ တန်ဖိုးမဖြတ်နိုင်သောအရှင် ဖြစ်လာပါမည်။သန့်ရှင်းသော ဝိညာဉ်တော်၏ အဓိကလုပ်ဆောင်ချက်မှာ ခရစ်တော်ကဲ့သို့သောသန့်ရှင်းသူများ မွေးထုတ်ပေးရန် ဖြစ်ပါသည်။ ဂလာတိ ၄ း ၁၉၊ ဂလာတိ ၅ း ၂၂-၂၃၊ ၂ ကော ၃ း ၁၈။

**၇။ နာမကျန်းဖြစ်သူတိုင်းလုံးဝကျန်းမာစေရန် ဘုရားသခင်အလိုရှိသည်ဟု Charismatic များမှသွန်သင်ကြပါသည်။**

လူတဦးနာမကျန်းဖြစ်သည်နှင့် ထိုသူသည်ဘုရားသခင်၏အလိုတော်အပြင်ဖက်သို့ရောက်ရှိသွားသည်။ထိုသူသည် လုံလောက်သောယုံကြည်ခြင်းမရှိသောသူ(သို့မဟုတ်)ဘုရားသခင်ရှေ့မမှန်ကန်သောသူဟု အနာငြိမ်းစေသူတချို့ ဆိုတတ် ကြသည်။

အကျိုးအကြောင်းကိုကြည့်ကြပါစို့-

၁။ ၂ကော ၁၂ း ၇ - ၁၀ တွင် ဘုရားသခင်သည် ရှင်ပေါလု၏တောင်းဆိုချက်ကိုငြင်းပယ်သည်။သူ၏ခန္ဓာကိုယ် နာကျင်နေခြင်းကို တောင်းဆိုခြင်းဖြစ်ပါသည်။

၂။ ဖိ ၂ း ၂၅ - ၃၀ တွင် သစ္စာရှိယုံကြည်သူ ဧပဖြောဒိတ်သည် သေလုသောဝေဒနာခံစားနေရသော်လည်း ရှင်ပေါလု ဘာမှမတတ်နိုင်ပါ။ဘုရားသခင်သာတတ်နိုင်ပါသည်။

၃။ ၂တိ ၄ း ၂၀ ရှင်ပေါလုမှ တိမောသေထံရေးသော နောက်ဆုံးစာတွင် သူသည်နာမကျန်းမာဖြစ်နေသော တရောဖိမ်ကို မိလက်မြို့၌ ထားခဲ့ကြောင်းရေးသားထားပါသည်။

၄။ ၁တိ ၅ း ၂၃ - တိမောသေခံစားနေရသော ဝမ်းဗိုက်ရောဂါကို ကုသပေးမည်ယုံကြည်ခြင်းဖြင့် အနာငြိမ်းစေသူ မည်သူကိုမှရှင်ပေါလု မသိကြောင်းပေါ်လွင်နေပါသည်။

၅။ မသဲ ၁၂ း ၁၅ ။ တမန် ၂၈ း ၇-၉ သခင်ခရစ်တော်နှင့် တမန်တော်တို့သည် သူတို့ထံလာရောက်ကြသော နာမကျန်းဖြစ်သူအားလုံးကို သက်သာပျောက်ကင်းအောင် လုပ်ဆောင်ခဲ့ကြသည်။နာမကျန်းသူတို့၏ လုံလောက်သော ယုံကြည်ခြင်းကြောင့်မဟုတ်ပါ။

၆။ မသဲ ၈ း ၃ ။၂၀ း ၃၄။ တမန် ၃ း ၆-၇ - သခင်ခရစ်တော်နှင့် တမန်တော်တို့၏ အနာငြိမ်းစေခြင်း ပေးပျောက်စေခြင်းမှာ **အချိန်မဆိုင်းချက်ချင်းသက်ရောက်ပါသည်။ထို့ပြင် အကောင်းဆုံးစံပြနှင့် လုံးလုံးပြီးဆုံးခြင်း** - မသဲ ၁၄ း ၃၆ **ငြင်းခုံဘွယ်ရာမရှိခြင်း** တမန် ၄ း ၁၄-၁၆ -

၇။ မသဲ ၁၂ း ၂၂-၂၄ နှင့် နှိုင်းယှဉ်၍ကြည့်ပါ။ စိတ်မကောင်းစရာမှာ ယနေ့ခေတ်သစ်အနာငြိမ်းစေသူများကို အံသြဖွယ်ကျိန်စာဟု မည်သူမှမပြောဆိုခြင်းပင်ဖြစ်ပါသည်။

**၈။ Charismatic များက သမ္မာကျမ်းစာသည် ပြည့်စုံလုံလောက်မှုမရှိလိုနေသေးသည်ဟု သွန်သင်ကြပါသည်။ ဆိုလိုသည်မှာ - ရှုပါရုံများ ပရောဖက်ပြုခြင်းများနောက်ထပ်ဗျာဒိတ်များစသည်များလိုအပ်သည်ဟုခံယူထားကြပါသည်။**

အတည်ပြုထားပြီးဖြစ်သောကျမ်း ၆၆ စောင်(သမ္မာကျမ်းစာ) သည် ကျွန်တော်သဘောထားခံယူချက်ထက်သာ၍ အရေးကြီးပါသည်။အောက်ပါအချက်များကို လေ့လာကြပါစို့ -

(၁) သခင်ခရစ်တော်ကနောက်ထပ်ထပ်တိုးစရာ ဗျာဒိတ်ရှိနေကြောင်း တပည့်တော်တို့အားမိန့်တော်မူခဲ့ပါသည်။ သင်တို့အားစကားအများရှိသော်လည်း . . . ယော ၁၆ း ၁၂ သမ္မာတရားနှင့် ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အားအကြွင်းမဲ့သွန်သင်ပြလိမ့်မည်။**နောက်ထပ်ဘာများ လိုအပ်ပါ သေးလည်း?**

(၂) ယခင်ကာလက ဘုရားသခင်သည် အထွေထွေအပြားပြားသော နည်းလမ်းများဖြင့် လူသားတို့အားဗျာဒိတ်ပေး မိန့်မှာတော်မူခဲ့ပါသည်။(ဥပမာ - ရှုပါရုံများ အိပ်မက်များအားဖြင့်) ယခုနောက်ဆုံးကာလတွင်မူ သားတော်အားဖြင့် ဗျာဒိတ်ပေးတော်မူပါသည်။ဟေဗြဲ ၁ း ၁-၂။ **နောက်ထပ်ဘာများလိုအပ်ပါသေးလဲ ?**

(၃) ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း" ၂ တိမော ၃ း ၁၆-၁၇ **နောက်ထပ်ဘာများလိုအပ်ပါသေးလဲ?**

(၄) ရှင်ပေတရုသည် ဘုရားသခင်၏စကားသံတော်ကိုကိုယ်တိုင်ကြားသိရပြီးနောက်" သာ၍မြဲမြံသော အနာဂတ္တိ စကားတော်သည်ငါတို့၌ ရှိသေး၏" ၂ပေ ၁ း ၁၈-၂၀ ဟူ၍ အာမခံချက်ကိုပေးထားပါသည်။**နောက်ထပ်ဘာများ လိုအပ်ပါသေးလဲ?**

(၅) ရှင်ယုဒသည်ယုံကြည်ခြင်းနှင့်ဆိုင်၍ "သန့်ရှင်းသူတို့၌အထက်ပေးအပ်ခဲ့ပြီးသောယုံကြည်ခြင်းတရားဘက်မှာ. . ." ယုဒ ၁ း ၃။**နောက်ထပ်ဘာများလိုအပ်ပါသေးလဲ?**

(၆) ကိုယ်တော်သည် သမ္မာကျမ်းစာ/ဗျာဒိတ်တော်အပြည့်အစုံ၊ စုံလင်စွာရေးသားပေးအပ်ပြီးနောက် သတိပေးချက်တစုံကို ထုတ်ပြန်ခဲ့ပါသည်။**"မည်သူမျှ ငါ၏စကားတော်ကိုထပ်တိုးခြင်း၊ နုတ်ပယ်ခြင်းမပြုရ"** ဗျာဒိတ် ၂၂ း ၁၈ - ၁၉ ယင်းသတိပေးချက်ရေးသားထားသောအပိုဒ်ငယ်နောက်အပိုဒ်ငယ် ၂ ခုမြောက်တွင် သမ္မာကျမ်းစာသည်ပြီးပြည့်စုံသွားပါပြီ။ **နောက်ထပ်ဘာများလိုအပ်ပါသလဲ?**

**၉။ Charismatic များသည် အသင်းတော်များ တလုံးတဝတည်းဖြစ်ရေးလှုပ်ရှားမှုကိုဘုရားသခင်နှစ်သက်သည်ဟု ယုံကြည်ကြသည်။**

**Charismatic** လှုပ်ရှားမှုသည် အဓိကပင်မအသင်းတော်ဂိုဏ်းများကို ထိုးဖောက်ဝင်ရောက်ပြီး ရောမကက်သလစ်အသင်းတော်အတွင်းကိုပါလျှင်မြန်စွာထိုးဖောက်လျှက်ရှိနေပါသည်။ယင်းတို့ထံပြောင်းလဲသောသူများကို သက်ဆိုင်ရာ



မိမိတို့အသင်းတော်အတွင်း၌သာနေစေပြီး အတွင်းမှလှုပ်ရှားရန်အသိပေးထားကြပါသည်။

ဤသည်မှာ ဘုရားသခင်၏မိန့်မှာချက်နှင့်ဆန့်ကျင်နေပါသည်။

(၁) သင်တို့သည် ထိုသူတို့အထဲကထွက်၍ သီးခြားနေကြလော့။ ၂ကော ၆ း ၁၇-၁၈

(၂) ထိုသူတို့ကို ရှောင်လော့။ ၂တိ ၃ း ၅

(၃) ထိုသူတို့ကို မှတ်၍ ရှောင်ကြလော့။ ရောမ ၁၆ း ၁၇

(၄) ဖယ်ရှားနှင်ထုတ်လော့။ တိတု ၃ း ၁၀

(၅) လက်မခံနှင့်။ ၂ယော ၁ း ၁၀

**၁၀။ Charismatic တို့သည် ခရစ်ယာန်တို့၏အခြေခံယုံကြည်ချက်ဆိုင်ရာထက် အတွေ့အကြုံကိုအမှီပြုသောခရစ်ယာန်ညီညွတ်မှုကို ပြုလုပ်ကြသည်။**

**Charismatic** လူတို့သည် ဘုံအတွေ့အကြုံခံစားမှုကို ဗဟိုပြု၍ ညီညွတ်ခြင်းကိုတည်ဆောက်ကြပါသည်။ တဦးတယောက်၏သက်ဝင်ယုံကြည်မှုနှင့်မည်သည့်အသင်းတော်တွင်ပါဝင်နေမှုများကိုအလေးမထားကြပါ။တကယ်အမှန်တရားမှာသူတို့သည် ပင်တေကုတ္တေ အတွေ့အကြုံကိုသာကျင့်သုံးကြခြင်းဖြစ်ပါသည်။

ရှေ့ဦး(သို့)ကဦးအသင်းတော်သည် ယင်းကဲ့သို့သောညီညွတ်ခြင်းကိုတည်ဆောက်ခဲ့ပါသလား? အသင်းဝင်အသစ်များကို ယုံကြည်ရာယုံကြည်ခွင့်ကိုလွတ်လပ်စွာပေးခဲ့ပါသလား? မိမိနှစ်သက်သလို ဝတ်ပြုခွင့်ပေးထားပါသလား? **လုံးဝမပေးထားခဲ့ပါ။**"ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း. . ." တမန် ၂ း ၄၂။သူတို့သည် ယုံကြည်ခြင်းတပါး ထဲတွင်တည်ခဲ့ကြသည်။ဖေက် ၄ း ၅။ယုံကြည်ခြင်းအများမဟုတ်ပါ။သူတို့သည် ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်း၌ ညီညွတ်မှုကိုတည်ဆောက်ခဲ့ကြပါသည်။ဖေက် ၄ း ၁၃။ယင်းသည် သခင်ခရစ်တော် မည်သူဖြစ်ကြောင်းနှင့် မည်သည့်အရာကိုလုပ်ဆောင်ခဲ့ကြောင်းဖော်ပြသည့်အခြေခံယုံကြည်ချက် ဖြစ်လာပါသည်။ ယင်းတခုတည်းသော ယုံကြည်ချက်ကြောင့်မလိုလားအပ်သောသွေးဆောင်လှည့်ဖြားခြင်းကိုတွန်းလှန်နိုင်ခဲ့ပြီး ဖေက်၄ း၁၄ သမ္မာတရား၌ တည်ရှိခဲ့ကြပါသည်။ဖေက် ၄ း ၁၅။

**ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဘုရားသခင်၏သမ္မာတရားကသာလျှင် ဘုရားသခင်၏လူမျိုးကို တလုံးတဝတည်းသောညီညွတ်ခြင်းကိုပေးနိုင်ပါသည်။**

**-ထိုကဲ့သို့ဖြစ်ပါစေ!**